# မြန်မာနိုင်ငံတွင် တိုက်ပွဲများ အရှိန်မြင့်လာခြင်း

## အရေးပေါ်သတင်းအချက်အလက် အမှတ်စဉ် (၆)

*၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၂၁)ရက်နေ့အခြေအနေ*

## အဓိကအချက်အလက်များ




- မြန်မာနိုင်ငံ ဒေသအနှံ့အပြားတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ (EAOs)၊ ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များ (PDFs) အပါအဝင် လက်နက်ကိုင်အဖွဲ့များ နှင့် မြန်မာ့တပ်မတော် (MAF) တို့အကြားတွင် တိုက်ပွဲများ ပြင်းထန်စွာ ဆက်လက်ဖြစ်ပွားနေဆဲ ဖြစ်သည်။
- ယခုတိုက်ပွဲများသည် ၂၀၂၁ ခုနှစ်အစောပိုင်းတွင် တပ်မတော်က အာဏာသိမ်းပြီးချိန်မှစ၍ အတိုင်းအတာ အားဖြင့် လည်းကောင်း၊ နယ်မြေဒေသအားဖြင့် လည်းကောင်း အကြီးမားဆုံးနှင့် အကျယ်ပြန့်ဆုံးဖြစ်ပြီး၊ အထူးသဖြင့် ရှမ်းပြည်နယ် မြောက်ပိုင်း၊ ရှမ်းပြည်နယ် တောင်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရခိုင် ပြည်နယ်နှင့် ချင်းပြည်နယ်တောင်ပိုင်းတို့ အပါအဝင် ဒေသအများအပြားကို ထိခိုက်နေပါသည်။
- နိုဝင်ဘာလ ၂၁ ရက်နေ့အထိ အခြေအနေအရ၊ အောက်တိုဘာလ ၂၆ ရက်နေ့မှစ၍ အရှိန်မြင့်တက်လာသည့် တိုက်ပွဲများကြောင့် လူဦးရေ ၂၈၆၀၀၀ ကျော် နေရပ်စွန့်ခွာ ထွက်ပြေးနေကြရသည်။
- ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်ရှိ လုံခြုံရေး အခြေအနေမှာ ဆက်လက် စိုးရိမ်နေရဆဲဖြစ်ပြီး၊ နိုဝင်ဘာလလယ်ခန့်မှစ၍ လူဦးရေ ၂၀၀၀၀ ကျော်သည် ပိုမိုဘေးကင်းရာနေရာများသို့ နေရပ်စွန့်ခွာ ထွက်ပြေးခဲ့ရသည်။ ရာနှင့်ချီသောသော ပြည်သူများမှာ တိုက်ပွဲအတွင်း ပိတ်မိနေပြီး၊ ဘေးလွတ်ရာနေရာများသို့ ရွှေ့ပြောင်းနိုင်ခြင်း မရှိသေးပါ။
- တိုက်ပွဲဖြစ်ပွားနေသည့် မြို့နယ်များတွင် အဓိကသယ်ယူပို့ဆောင်ရေးလမ်းကြောင်းများကို MAF နှင့် EAOs နှစ်ဖက်လုံးက ပိတ်ဆို့ထားသည့်အတွက် ပြည်သူများက ဘေးလွတ်ရာနေရာများသို့ ရွှေ့လျားသွားလာရေးကို အကန့်အသတ်ဖြစ်စေပြီး၊ လူသားချင်း စာနာမှုအကူအညီ ဝင်ရောက်ပေးအပ်ရေးကို နှောင့်နှေးစေပါသည်။
- ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ဘေးကင်းလုံခြုံမှုမရှိခြင်းနှင့် သွားလာရေး၊ ဆက်သွယ်ရေးအခက်အခဲများ ရှိနေသည့်ကြားမှပင်၊ ဘေးဒဏ်သင့်ပြည်သူများသို့ မရှိမဖြစ်လိုအပ်သော လူသားချင်းစာနာမှုအကူအညီများကို နည်းလမ်းအမျိုးမျိုးပြောင်းလဲအသုံးပြု၍ ဆက်လက်ပေးအပ်နေပါသည်။ မြန်မာနိုင်ငံ အနောက်မြောက်ပိုင်း၊ အရှေ့တောင်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့ရှိ လူသားချင်းစာနာမှုဆိုင်ရာ

The mission of the United Nations Office for the Coordination of Humanitarian Affairs (OCHA) is to
Coordinate the global emergency response to save lives and protect people in humanitarian crises.
We advocate for effective and principled humanitarian action by all, for all.
**www.unocha.org/myanmar**
**Subscribe to OCHA Myanmar Products**

မိတ်ဖက်အဖွဲ့များသည် တည်ငြိမ်မှုမရှိသည့် အခြေအနေအောက်တွင် တုံ့ပြန်ကူညီပေးရမည့် လိုအပ်ချက်အသစ်များကို လေ့လာဆန်းစစ်နေကြပြီး၊ ကယ်ဆယ်ရေးပစ္စည်းများကို ကြိုတင်စုစည်းနေရာချထားခြင်းအပါအဝင် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းအမျိုးမျိုးတို့ကို ဆောင်ရွက်နေကြသည်။

- ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ပေါ်ထွက်လာနေသော လိုအပ်ချက်များကို တုံ့ပြန်ဆောင်ရွက်နေသူများအား ကူညီပေးရန်အတွက် ဒေသတွင်းရှိ ပါဝင်ဆောင်ရွက်သူများအား မြန်မာနိုင်ငံ လူသားချင်းစာနာမှုရန်ပုံငွေမှ အမေရိကန်ဒေါ်လာ တစ်သန်းကို ထုတ်ပေးလျက်ရှိသည့်တိုင်၊ ယခုအခါ မြန်မာနိုင်ငံ အနောက်မြောက်ပိုင်း၊ အရှေ့တောင်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် လိုအပ်ချက်များ မြင့်တက်လာပြီး၊ ချက်ချင်းတုံ့ပြန်ဆောင်ရွက်ရန် လိုအပ်နေသည်။ ၂၀၂၃ ခုနှစ် လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးအစီအစဉ်အတွက်ပင် ရန်ပုံငွေလိုအပ်ချက်၏ ၂၈ ရာခိုင်နှုန်း ကိုသာရရှိထားပြီး၊ ရန်ပုံငွေထောက်ပံ့မှု အလွန်နည်းပါးသည့် ဤအခြေအနေတွင် အလှူရှင်များထံမှ ထပ်တိုးကူညီမှုများကို အဆောတလျင်လိုအပ်လျက်ရှိပါသည်။

# အခြေအနေသုံးသပ်ချက်

ပြည်နယ်နှင့် တိုင်းဒေသကြီးအများအပြားတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ (EAOs)နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ (PDFs) အပါအဝင် လက်နက်ကိုင်အဖွဲ့များနှင့် မြန်မာ့တပ်မတော် (MAF) တို့အကြား ပြင်းထန်သောတိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသည်။ ယခုအရှိန်မြင့်လာသော တိုက်ပွဲများသည် ၂၀၂၁ ခုနှစ်တွင် တပ်မတော်က အာဏာသိမ်းပြီးချိန်မှစ၍ အကြီးမားဆုံးနှင့် နယ်မြေအကျယ်ပြန့်ဆုံး အနေအထားတွင် ရှိနေပါသည်။ လက်နက်ကိုင်တိုက်ပွဲများသည် လူနေထူထပ်သော မြို့ပြနေရာများအပါအဝင် နေရာဒေသများစွာသို့ ကျယ်ပြန့်လာခဲ့ပြီး၊ တစ်နိုင်ငံလုံးရှိ အရပ်သားပြည်သူများ၏ ဘေးကင်းလုံခြုံရေးကို ပိုမိုခြိမ်းခြောက်လာနေပါသည်။

လက်ရှိတိုက်ပွဲများ အရှိန်မြင့်တက်လာခြင်းကြောင့် ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းအရှေ့ပိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး တို့တွင် လူဦးရေ ၂၈၆၀၀၀ ကျော်သည် လတ်တလောနေရပ်စွန့်ခွာထွက်ပြေးနေကြရသည်။ ယင်းသို့ နေရပ်စွန့်ခွာရမှုများသည် လူသားချင်းစာနာမှုဆိုင်ရာ ကြီးမားသော စိုးရိမ်မှုများကို ဖြစ်ပေါ်စေပြီး၊ လတ်တလောနေရပ်စွန့်ခွာရသူများနှင့် ကာလရှည်ကြာကပင် နေရပ်စွန့်ခွာခဲ့ရသည့် IDPs များသည်လည်းကောင်း၊ အိမ်ရှင်ရပ်ရွာလူထုများသည်လည်းကောင်း လတ်တလောနှင့်စဉ်ဆက်မပြတ်အကူအညီများကို အဆောတလျင်လိုအပ်နေပါသည်။ ထို့အပြင်၊ အမျိုးသားများ၊ အမျိုးသမီးများ၊ ကလေးသူငယ်များအပါအဝင် အရပ်သား ၁၈၇ ဦးသေဆုံးခဲ့ပြီး၊ ၂၄၆ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းကိုလည်း အစီရင်ခံထားပါသည်။

## ရှမ်းပြည်နယ်မြောက်ပိုင်း

- ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မြို့နယ်အများအပြား၌ တိုက်ပွဲများဆက်လက်ဖြစ်ပွားနေပြီး၊ မြို့နယ် ၆ မြို့နယ်တွင် အရပ်သားသေဆုံးဒဏ်ရာမှုများ ဖြစ်ပေါ်လျက်ရှိကာ (၄၅ ဦးသေဆုံးပြီး ၁၂၄ ဦးထိခိုက်ဒဏ်ရာရှိခဲ့ကြောင်း အစီရင်ခံထားသည်)၊ ပြည်သူများ၏ နေအိမ် ၃၀၀ ကျော်နှင့် ပိုင်ဆိုင်မှုပစ္စည်းများ ထိခိုက်ပျက်စီးခဲ့ရသည်။ လက်ရှိတိုက်ပွဲများစတင်ချိန်မှစ၍ နိုဝင်ဘာလ ၂၀ ရက်နေ့အထိကာလအတွင်း လတ်တလော နေရပ်စွန့်ခွာရသူအရေအတွက်သည် ၆၆၀၀၀ ဦးအထိ မြင့်တက်လာခဲ့သည်။ ယင်း IDPs များသည် မြို့နယ် ၁၅ မြို့နယ်ရှိ နေရာ ၁၁၇ နေရာတွင် ခိုလှုံနေကြရပြီး၊ တရုတ်-မြန်မာနယ်စပ်တစ်လျှောက်ရှိ ဘာသာရေးနေရာများ၊ အိမ်ရှင်ရပ်ရွာများ၊ တောတောင်များနှင့် လယ်ကွင်းများလည်း အပါအဝင် ဖြစ်သည်။ ရှမ်းပြည်နယ် မြောက်ပိုင်းမှ IDPs ၂၂၀၀ ခန့်သည် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်နှင့် ကချင်ပြည်နယ် မန်စီမြို့နယ်များသို့ ထွက်ပြေးခဲ့ကြသည်။ သိန္နီ၊ ကွမ်းလုံ၊ လောက်ကိုင် (ချင်းရွှေဟော်မြို့)၊ မူဆယ်နှင့် နောင်ချိုမြို့နယ်များတွင် တိုက်ပွဲများ အရှိန်လျော့စဉ်အတွင်း သိန္နီနှင့် နောင်ချိုမြို့နယ်တို့မှ IDPs အနည်းငယ်တို့ နေရပ်ပြန်သွားနိုင်ခဲ့ကြောင်း သိရှိရသော်လည်း၊ နေရပ်ပြန်သွားသူအရေအတွက်အတိအကျကို အတည်မပြုရသေးပါ။
- လားရှိုးလေဆိပ်ကို ပိတ်ထားဆဲဖြစ်ပြီး၊ မန္တလေး-လားရှိုး-မူဆယ်နှင့် လားရှိုး-လောက်ကိုင်လမ်းတစ်လျှောက်ရှိ အဓိက လမ်းမကြီးများနှင့် တံတားများမှာ တိုက်ပွဲများအတွင်း ထိခိုက်ပျက်စီးခဲ့ရသည်။ မြေသားလမ်းဖြစ်ခြင်းကြောင့်လည်းကောင်း၊ MAF နှင့် EAOs နှစ်ဖက်လုံးက နေရာယူထားသည့် စစ်ဆေးရေးဂိတ်အများအပြားကြောင့်လည်းကောင်း အခက်အခဲများနှင့် နှောင့်နှေးမှုများ ရှိနေသော်လည်း၊ မန္တလေးမြို့မှ

နမ့်လန်-အင်းတော်-ရပ်စောက်-နောင်ချို လမ်းကြောင်းကိုဖြတ်၍ လားရှိုးမြို့သို့ ကိုယ်ပိုင်သယ်ယူပို့ဆောင်ရေးကားများ ပြန်လည်သွားလာနေကြသည်။ လားရှိုးမြို့ပြင်ပတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးနှင့် အင်တာနက်ဝန်ဆောင်မှုများ ပြတ်တောက်နေခြင်း၊ အနည်းငယ်သာ ရရှိခြင်းတို့ကို ကြုံတွေ့နေရဆဲဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) က လားရှိုး၊ သိန္နီ၊ ကွတ်ခိုင်၊ နမ့်ခမ်း၊ မူဆယ်၊ လောက်ကိုင်၊ ကွမ်းလုံ၊ ကုန်းကြမ်းမြို့နယ်တို့အပါအဝင် မြို့နယ်များစွာတို့တွင် စစ်အုပ်ချုပ်ရေးပြဋ္ဌာန်းခဲ့သဖြင့် အရပ်သားပြည်သူများအတွက် အခက်အခဲများ ပိုဆိုးလာစေသည်။

- အခက်အခဲများစွာရှိနေသည်ကြားမှပင်၊ မိတ်ဖက်အဖွဲ့များသည် အကူအညီလိုအပ်နေသူများသို့ ငွေကြေး၊ စားနပ်ရိက္ခာနှင့် ကျန်းမာရေးစောင့်ရှောက်မှုများအပါအဝင် မရှိမဖြစ်လိုအပ်သော အကူအညီများကို တက်ကြွစွာဖြင့် ထောက်ပံ့ပေးအပ်နေကြသည်။ မိတ်ဖက်အဖွဲ့များက လားရှိုးသို့ ထောက်ပံ့ရေးပစ္စည်းများ သယ်ယူပို့ဆောင်ရန် စီစဉ်နေကြသော်လည်း၊ လတ်တလော နေရပ်စွန့်ခွာခဲ့ရသည့် IDPs များ၏ ငွေကြေး၊ စားနပ်ရိက္ခာ၊ ဆေးဝါးပစ္စည်း၊ အမိုးအကာပစ္စည်း၊ လူ့အသုံးအဆောင်ပစ္စည်းများနှင့် တကိုယ်ရေကျန်းမာရေးသုံးပစ္စည်း လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် များစွာလိုအပ်နေပါသေးသည်။

## ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တောင်ပိုင်း

- တိုက်ပွဲများပြန်လည်ဖြစ်ပွားပြီးနောက် တစ်ပတ်ကြာမြင့်သည့် အချိန်တွင် ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ မြို့နယ်များနှင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်တို့တွင် မြန်မာ့တပ်မတော် (MAF) နှင့် ရက္ခိုင့်တပ်တော် (AA) တို့အကြား ပြင်းထန်သော တိုက်ပွဲများဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်။ ရခိုင်ပြည်နယ် အလယ်ပိုင်းရှိ မြို့နယ်အချို့တွင် ယခင်အပတ်အတွင်း လက်နက်ကြီး၊ လက်နက်ငယ် ပစ်ခတ်မှုများကြောင့် အရပ်သားသေဆုံးဒဏ်ရာရမှုများနှင့် ပိုင်ဆိုင်မှုပစ္စည်း ပျက်စီးမှုများရှိခဲ့ပြီး၊ IDPs များအပါအဝင် အရပ်သားပြည်သူများ၏ ဘေးကင်းလုံခြုံရေးကို ခြိမ်းခြောက်နေကြောင်း အစီရင်ခံထားပါသည်။
- နိုဝင်ဘာလ ၂၀ ရက်နေ့အခြေအနေအရ၊ တကျော့ပြန်ဖြစ်လာသည့်တိုက်ပွဲများကြောင့် ဘူးသီးတောင်၊ မောင်တော၊ မင်းပြား၊ မြောက်ဦး၊ မြေပုံ၊ ပေါက်တော၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်နှင့် ပလက်ဝမြို့နယ်များတွင် ပြည်သူ ၃၂၅၀၀ ဦးခန့် လတ်တလောနေရပ်စွန့်ခွာထွက်ပြေးခဲ့ရသည်။ AA နှင့် MAF တို့အကြား ယခင်ကဖြစ်ပွားခဲ့သည့် တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာခဲ့ရသူ ၆၄၀၀၀ ဦးခန့်နှင့် ယခင်က ရပ်ရွာအသိုက်အဝန်းများအကြား တင်းမာမှုများကြောင့် စစ်တွေနှင့် ပေါက်တောမြို့နယ်များတွင် နေရပ်စွန့်ခွာခဲ့ရသည့် ရိုဟင်ဂျာအများစုပါဝင်သော IDPs ၁၅၀၀၀၀ ခန့်ရှိနေသည့် လက်ရှိအခြေအနေတွင် ဤ IDPs များထပ်တိုးလာခြင်းဖြစ်သည်။
- ပေါက်တောမြို့နယ်၏ အခြေအနေမှာ အထူးစိုးရိမ်ဖွယ်ဖြစ်နေသည်။ နိုဝင်ဘာလလယ်မှစ၍ မြို့နယ်တွင်းရှိ လူဦးရေ ၂၀၀၀၀ ကျော် နေရပ်စွန့်ခွာထွက်ပြေးနေရပြီး၊ အနည်းဆုံး အရပ်သား ၁၂ ဦးသေဆုံးခဲ့ရကာ၊ ယနေ့အစီရင်ခံချိန်အထိ တိုက်ပွဲများ ထပ်မံဖြစ်ပွားနေဆဲဖြစ်သည်။ တိုက်ပွဲများပြင်းထန်နေခြင်းကြောင့် ရိုဟင်ဂျာ IDPs များအနက် ၂၆၀၀၀ ဦးခန့်သည် လိုအပ်နေသော အကူအညီများကို မရရှိနိုင်ခဲ့ပါ။
- အမ်း၊ ကျောက်တော်၊ မောင်တော၊ မင်းပြား၊ မြောက်ဦးနှင့် ပလက်ဝမြို့နယ်များတွင် လက်နက်ကြီးဖြင့် ပစ်ခတ်မှုများကြောင့် ပြည်သူ ၅၆ ဦး ထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အစီရင်ခံထားသည်။
- ရန်ကုန်-စစ်တွေနှင့် ရခိုင်ပြည်နယ်တစ်ခုလုံးရှိ ကုန်းလမ်း၊ ရေလမ်းများကို ပိတ်ထားခြင်းကြောင့် အရပ်သားပြည်သူများ၏ ရွေ့လျားသွားလာရေးနှင့် လူသားချင်းစာနာမှုအကူအညီများပေးအပ်ရေးတို့ကို နှောင့်နှေးစေပါသည်။

## အနောက်မြောက်ပိုင်းဒေသ

- အနောက်မြောက်ပိုင်းဒေသတွင် အောက်တိုဘာလနှောင်းပိုင်းမှစတင်ခဲ့သည့် လက်နက်ကိုင်တိုက်ပွဲများကြောင့် ချင်းပြည်နယ်ရှိ ဖလမ်းနှင့် မတူပီမြို့နယ်များ၊ မန္တလေးတိုင်းဒေသကြီးရှိ မတ္တရာမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးရှိ အင်းတော်၊ ကောလင်း၊ ပင်လည်ဘူး၊ တမူးနှင့် ထီးချိုင့်မြို့နယ်များအပါအဝင် မြို့နယ် ၂၃ မြို့နယ်ကို ထိခိုက်စေခဲ့ပါသည်။ EAOs နှင့် PDFs များသိမ်းပိုက်ထားသည့် နယ်မြေများတွင် လက်နက်ကြီးနှင့် လေကြောင်းဖြင့် အဆက်မပြတ်တိုက်ခိုက်မှုများကြောင့် အရပ်သားသေဆုံးမှုများနှင့် နေရပ်စွန့်ခွာထွက်ပြေးရမှုများ ဖြစ်ပေါ်စေခဲ့သည်။
- နိုဝင်ဘာလ ၁၄ ရက်မှ ၂၁ ရက်နေ့ကာလအတွင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးရှိ နေရာအနှံ့အပြားမှ ပြည်သူ ၂၆၅၀၀ နီးပါးသည် ဘေးလွတ်ရာနေရာများသို့ အိုးအိမ်ပစ်၍ ထွက်ပြေးခဲ့ရသည်။ နိုဝင်ဘာလအစောပိုင်းတွင် တိုက်ပွဲများ အရှိန်မြင့်တက်လာချိန်မှစ၍ အနောက်မြောက်ပိုင်းဒေသနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြည်သူ စုစုပေါင်း ၁၁၆၀၀၀ ဦးသည် လတ်တလော

နေရပ်စွန့်ခွာခဲ့ရသည်။ တိုက်ပွဲများကြောင့် ချင်း၊ မကွေးနှင့်စစ်ကိုင်းဒေသတို့တွင် နိုဝင်ဘာလအစောပိုင်းမှစ၍ ကလေးသူငယ် ၁၄ ဦး အပါအဝင် အရပ်သား ၅၇ ဦးသေဆုံးခဲ့ပြီး၊ ၁၀ ဦးဒဏ်ရာရရှိခဲ့ကာ၊ လူနေအိမ် ၂၄ လုံး ပျက်စီးခဲ့ရသည်။

- အထူးသဖြင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ ကလေးနှင့် ကလေးဝမြို့နယ်တို့တွင် လမ်းများ ပိတ်ဆို့နေခြင်းနှင့် တိုက်ပွဲများဖြစ်ပွားနေခြင်းကြောင့် လူသားချင်းစာနာမှုအကူအညီများ သွားရောက်ပေးအပ်ရေးအတွက် အခက်အခဲများ ရှိနေဆဲဖြစ်ပြီး၊ ဖုန်းဆက်သွယ်ရေး ပြတ်တောက်မှုများနှင့် လောင်စာဆီအကျပ်အတည်းများခြင်းကြောင့်လည်း ဤအခြေအနေကို ပိုဆိုးစေပါသည်။ မိတ်ဖက်အဖွဲ့များသည် မန္တလေးတိုင်းဒေသကြီးရှိ ပြင်ဦးလွင်မြို့နယ်မှအပ ပဋိပက္ခဒဏ်သင့်ဒေသများသို့ ဖြန့်ကျက်ရောက်ရှိနိုင်ရန် ကြိုးစားရန်းကန်နေရဆဲဖြစ်ပြီး၊ ရပ်ရွာလူထုနှင့် ဘာသာရေးကွန်ရက်များကို ဤအကျပ်အတည်းအတွက် အဓိကတုံ့ပြန်ဆောင်ရွက်သူများအဖြစ် အားထားနေရသည်။

### အရှေ့တောင်ပိုင်းဒေသ

- အရှေ့တောင်ပိုင်းဒေသတွင်၊ နိုဝင်ဘာလ ၁၁ ရက်နေ့မှစတင်သည့် လက်နက်ကိုက်တိုက်ပွဲများကြောင့် ပြည်နယ်/တိုင်းဒေသကြီးများစွာတို့တွင် အရပ်သားသေဆုံးရမှုများနှင့် နေရပ်စွန့်ခွာရမှုများ တိုးလာခဲ့သည်။ ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်း၊ ရှမ်း-ကယားနယ်စပ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် လေကြောင်းမှ ဗုံးကြဲမှုများနှင့် လက်နက်ကြီးပစ်ခတ်မှုများပါဝင်သည့် တိုက်ပွဲကြီးများ ပြင်းထန်စွာဖြစ်ပွားခဲ့ပြီး၊ အရပ်သား ၇၅ ဦးသေဆုံးကာ ၅၇ ဦးထိခိုက်ဒဏ်ရာရခဲ့သည်။ ထူးခြားချက်အနေဖြင့် ကယားပြည်နယ် လွိုင်ကော်မြို့နယ်ရှိ အရပ်သားနေရာများနှင့် နေရပ်စွန့်ခွာခိုလှုံရာနေရာများကို ပစ်မှတ်ထား၍ တိုက်ခိုက်မှုများရှိခဲ့ကြောင်း အစီရင်ခံထားသည်။
- တိုက်ပွဲများအရှိန်မြင့်လာချိန်မှစ၍ လူဦးရေ ၇၀၇၀၀ ကျော် နေရပ်စွန့်ခွာခဲ့ရသည်။ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် လွိုင်ကော်မြို့မှ IDPs များ ရှမ်းပြည်နယ်တောင်ပိုင်းသို့ ဝင်ရောက်မှုကို ယာယီပိတ်ပင်ခဲ့သော်လည်း၊ ဒေသခံမိတ်ဖက်အဖွဲ့များနှင့် ဘာသာရေးခေါင်းဆောင်များ၏ တိုက်တွန်းပြောကြားမှုကြောင့် ပိတ်ပင်မှုကို ဖြေလျှော့ပေးခဲ့သည်။ နေရပ်စွန့်ခွာရသူများအား တိုက်ပွဲဇုန်ပြင်ပရှိ ဘေးလွတ်ရာနေရာများအား ရှာဖွေခွင့်ပြုရန်အရေးကြီးပုံကို တစ်နိုင်ငံလုံးတွင် ဆက်လက်တိုက်တွန်းပြောကြားပေးနေပါသည်။
- လတ်တလောနေရပ်စွန့်ခွာရသူများသည် စားနပ်ရိက္ခာ၊ အမိုးအကာ၊ ကျန်းမာရေးသုံးပစ္စည်းများ၊ ဆေးဝါးများ၊ စောင်များ၊ ခြင်ထောင်များအပါအဝင် လူသားချင်းစာနာမှုအကူအညီများကို အဆောတလျင်လိုအပ်နေကြပြီး၊ အိမ်ရှင်ရပ်ရွာလူထုနှင့် ဒေသခံ တုံ့ပြန်ဆောင်ရွက်သူများအနေဖြင့် ဤလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ကြိုးစားရန်းကန်နေကြရသည်။
- လွိုင်ကော်လေဆိပ်ကို ပိတ်ထားဆဲဖြစ်သည်။

## လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များနှင့် တုံ့ပြန်ရေးလုပ်ငန်းများ

- သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးများရှိ လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက်အဖွဲ့များသည် ဖြစ်ပေါ်နေသည့် အခြေအနေများကို စဉ်ဆက်မပြတ်စောင့်ကြည့်နေပြီး၊ ဒေသခံမိတ်ဖက်များ၊ နိုင်ငံအဆင့်မိတ်ဖက်များနှင့် အနီးကပ်ပူးပေါင်း၍ နေရပ်စွန့်ခွာရသူများနှင့် အိမ်ရှင်ရပ်ရွာလူထုတို့ ရင်ဆိုင်နေရသည့် အခြေအနေများကို လေ့လာဆန်းစစ်ရန် ကြိုးစားလျက်ရှိသည်။ ယနေ့အချိန်အထိ အရေးအကြီးဆုံးလိုအပ်ချက်များမှာ လိုအပ်ချက်မျိုးစုံကို ဖြည့်ဆည်းပေးရန် ငွေကြေးအကူအညီ၊ စားနပ်ရိက္ခာ၊ ဘေးကင်းလုံခြုံသော ခိုလှုံရာနေရာများ၊ အသုံးအဆောင်ပစ္စည်းများ၊ တကိုယ်ရေသုံးကျန်းမာရေးပစ္စည်းများ၊ အခြေခံကျန်းမာရေးဝန်ဆောင်မှုများနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အကူအညီများဖြစ်ကြောင်း သတ်မှတ်ဖော်ထုတ်ထားသည်။
- အထူးသဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ဘာသာရေးအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ (CBOs) နှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) က လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက်အဖွဲ့များနှင့် ပူးပေါင်း၍ သွားလာဝင်ရောက်နိုင်သည့် နေရာများတွင် နေရပ်စွန့်ခွာရသူများနှင့်ဘေးဒဏ်ခံပြည်သူများသို့ အရေးကြီးသော အသက်ကယ်ဆယ်ရေးအကူအညီများကို ဆက်လက် ထောက်ပံ့ပေးနေသည်။ တစ်ချိန်တည်းတွင် လုပ်ငန်းဆောင်ရွက်နေသည့် မိတ်ဖက်အဖွဲ့အစည်းများကလည်း တိုက်ပွဲဖြစ်ပွားနေသည့် ပြည်နယ်/တိုင်းဒေသကြီးများတွင် ပေါ်ပေါက်လာနေသော လိုအပ်ချက်များကို ဖြေရှင်းဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်၍ ပစ္စည်းများကို လျင်မြန်စွာ ပို့ဆောင်နိုင်ရေးအတွက် ကြိုတင်စုဆောင်းနေရာချထားခြင်းအပါအဝင် ကြိုတင်ပြင်ဆင်ရေးနည်းလမ်း အမျိုးမျိုးတို့ကို ကြံဆလျက်ရှိပါသည်။
- နေရပ်စွန့်ခွာရသည့် ပြည်သူများအပါအဝင် အရပ်သားများအား ကာကွယ်စောင့်ရှောက်ရေးအတွက် ပဋိပက္ခတွင်ပါဝင်သည့် အဖွဲ့များက လိုက်နာစောင့်ထိန်းရမည့် တာဝန်များနှင့်စပ်လျဉ်း၍ တိုက်တွန်းပြောကြားမှု လုပ်ငန်းများကို ဆောင်ရွက်ထားပြီး ဖြစ်သည်။

## အဓိကစိန်ခေါ်မှုများနှင့် အကူအညီပေးရန်လစ်ဟာမှုများ

- တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေခြင်းနှင့် လမ်းပိတ်ဆို့ထားမှုများကြောင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေများ လျင်မြန်စွာမြင့်တက်လာပြီး၊ ဘေးလွတ်ရာရှာဖွေနေကြသည့် ပြည်သူများ၏ ရွှေ့လျားသွားလာရေးနှင့် မရှိမဖြစ်လိုအပ်သော ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးတို့ကို အကန့်အသတ်ဖြစ်စေသည်။ ဤအခြေအနေသည် အကူအညီပေးအပ်ရေးကို ကြီးမားစွာထိခိုက်စေပြီး၊ လူသားချင်းစာနာမှုတုံ့ပြန်ဆောင်ရွက်သူများအတွက် လုံခြုံရေးအန္တရာယ် ပိုများလာစေသည်။ အရေးကြီးအကူအညီများ ပေးအပ်မှုကို ရှုပ်ထွေးစေကာ၊ ဘေးဒဏ်ခံပြည်သူများ၏ ထိခိုက်လွယ်မှုကိုလည်း ပိုဆိုးလာစေသည်။
- ဆက်သွယ်ရေးဝန်ဆောင်မှုများ ဆက်လက်ပြတ်တောက်နေခြင်းကြောင့် ဘေးဒဏ်ခံပြည်သူများနှင့် ဆက်သွယ်ပြောကြားမှုများ ကိုလည်းကောင်း၊ လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးလုပ်ငန်းများအတွက် အရေးကြီးသော လိုအပ်ချက်ဆန်းစစ်ရေး လုပ်ငန်းများကို လည်းကောင်း ကြန့်ကြာစေပါသည်။
- ပဋိပက္ခကြောင့် ထိခိုက်ခံရသည့် ဒေသများတွင် ငွေကြေးနှင့် လူသုံးကုန်ပစ္စည်းများ ရှားပါးလာခြင်းနှင့်အတူ မရှိမဖြစ်လိုအပ်သော ပစ္စည်းများ အတွက် ကုန်ကျစရိတ်များမြင့်မားလာခြင်းကြောင့် လတ်တလောနေရပ်စွန့်ခွာလာရသူများအား ကူညီပေးနေသည့် အိမ်ရှင်ရပ်ရွာလူထု အတွက် ပိုမိုကျပ်တည်းစေပါသည်။
- ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ပေါ်ထွက်လာနေသော လိုအပ်ချက်များကို တုံ့ပြန်ဆောင်ရွက်နေသူများအား ကူညီပေးရန်အတွက် မြန်မာနိုင်ငံ လူသားချင်းစာနာမှုရန်ပုံငွေမှ အမေရိကန်ဒေါ်လာ တစ်သန်းကို ချထားပေးနေပြီဖြစ်သည့်တိုင် ဤပမာဏသည် ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ပဋိပက္ခဒဏ်ခံရသည့် အခြားဒေသများရှိ မြင့်တက်လာနေသော လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် မလုံလောက်ပါ။ လက်ရှိ မြန်မာနိုင်ငံ လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးအစီအစဉ်အတွက်ပင် ရန်ပုံငွေလိုအပ်ချက်၏ ၂၈ ရာခိုင်နှုန်းကိုသာ ထောက်ပံ့ပေးနိုင်သေးပါသည်။ မြင့်တက်လာနေသော လိုအပ်ချက်များကို အချိန်မြှင့်တင်တုံ့ပြန်နိုင်ရေးအတွက် ရန်ပုံငွေများကို အမြန်ဆုံးထောက်ပံ့ပေးရန်နှင့် လူသားချင်းစာနာမှုဆိုင်ရာ ဆောင်ရွက်သူများအား ဘေးကင်းလုံခြုံစွာဝင်ရောက်ကူညီခွင့်ပေးရန် အရေးတကြီးလိုအပ်နေပါသည်။

*** ဤသတင်းလွှာပါ အချက်အလက်များသည် မြေပြင်ရှိ လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက်အဖွဲ့များထံမှ ကနဦးပေးပို့သောအချက်အလက်များကို အခြေခံထားသည်။ အခြေအနေမှာ တည်ငြိမ်မှုမရှိဘဲ၊ ကိန်းဂဏန်းများသည်လည်း အပြောင်းအလဲရှိနိုင်ပါသည်။*

သတင်းအချက်အလက် ထပ်မံသိရှိလိုပါက ဖော်ပြပါ ပုဂ္ဂိုလ်များထံ ဆက်သွယ်ပါရန်

**Sajjad Mohammad Sajid,** Head of Office, sajid@un.org

**Danielle Parry,** Deputy Head of Office, parryd@un.org, +95 9797002713 (Phone/Signal)

**Kyoko Ono,** Deputy Head of Office, onok@un.org

**ပိုမိုသိရှိလိုပါကဝင်ရောက်ကြည့်ရှုရန် -** https://www.facebook.com/OCHAMyanmar; https://twitter.com/ochamyanmar